# "လားရာ"

"ဂျိုင်း" ကနဲ တံခါးပိတ်သံ၊ မင်းတုံးထိုးသံ၊ သောခတ်သံ မက်တဲလစ်သံတွေ။ သံစဉ်မညီ နာရီမရှိ စည်းချက်မကျ၊ တရွေ့ရွေ့ဝေးသွားတဲ့ ဖိနပ်သံများ။

ခါတိုင်း စကားသိပ်များလေ့ရှိတဲ့ အခန်းဖော်က ရုတ်တရက် စူးစမ်းတဲ့အကြည့်၊ ချက်ခြင်း သဘောပေါက်သွားတဲ့ဟန်၊ သက်ပြင်းချ၊ တိတ်ဆိတ်။ ပြန်လာကတည်းက ဘာမှမပြောဖြစ်၊ ပြောချင်စိတ်လည်းမရှိ။ ပရိသတ်အမြင်မှာ တည်ငြိမ်ကြံ့ခိုင်သယောင်၊ တကယ်က ရုပ်နဲ့နာမ် မကပ်တာ၊ အခန်းထဲပြန်အရောက်၊ အိပ်ယာနေရာပေါ်လှဲချ။ လက်ထဲက ယပ်တောင်ကို တွေတွေကြီးငေးကြည့်နေမိ၊ ဝဲလာတဲ့ မျက်ရည်တွေကို ပုတ်ခတ်ပစ်လိုက်ဘို့ မကြိုးစားတော့၊ ကျပါစေလေ၊ လွတ်လွတ်လပ်လပ်ကြီးစီးပါစေတော့။

တိတ်ဆိတ်အခန်းငယ်ထဲ မြေဆွဲအားကို ဆန့်ကျင်နေတဲ့ အိမ်မြှောင်ငယ်က "စုတ်"တသတ်သတ်၊ ရင်းနှီးနေကြ မျက်နှာကြက် ညစ်ထပ်ထပ်ကို မော့အကြည့်၊ တအိအိပြိုကျလာသလို။

"မေမေ အဲဒီမှာရပ်နေ
သားလာခဲ့မယ်"

"မှုတ်ဘူး၊ မှုတ်ဘူး ခုနနေရာကိုပြန် သွား၊ သားလာကြိုမယ်"

"သားရယ် မေမေခေါင်းပေါ်က အထုတ်ကြီးနဲ့ သားရဲ့"

"မရဘူး၊ ပြန်သွား၊ ပြန်သွား၊ သားလာကြိုမယ်လို့ ပြောနေတဲ့ဟာကို"

"ကဲ ကဲ သားကျေနပ်အောင် ပြန်သွားပြီ ဟုတ်ပလား"

"သားကလေ မေမေ့ကိုသိပ်ဆိုးတာဘဲ၊ မောလိုက်တာသားရယ်" ဆိုတယ်သာပြောတာ မေမေ့မျက်နှာက ပြုံးလို့၊ ခေါင်းပေါ်က အထုတ်ကြီးကိုချ၊ သားကိုပွေ့ဖက်နမ်း၊ သားလက်ကိုစွဲပြီးအိမ်ပြန်။

လမ်းထဲက.. ဒီသားအမိကိုကြည့်ပြီးသဘောကျ ကြ၊ မေမေက ပုတက်တက်နဲ့ ဘယ်သူ့ကိုစွဖြစ်ဖြစ် လက်မနေးတမ်း ကူညီတတ်သူ၊ လူချစ်လူခင်များတဲ့သူ။

ကျွန်တော်တို့အိမ်က တောင်ဥက္ကလာမှာ၊ ကတ္တရာလမ်းမကြီးတစ်ခုကနေ ချိုးဝင်ရတဲ့လမ်းသွယ်လေး၊ မေမေပြန်လာမယ့်အချိန် ညနေစောင်းဆို အိမ်ရှေ့ကနေ လမ်းချိုးလေးကိုမျှော်နေတာ မေမေ အဝတ်ထုတ်ကြီးရွက်ဝင်လာတာ တွေ့တာနဲ့ ထွက်ကြိုနေကြ၊ အဝေးကနေ အော်ပြီးပြေးကြိုတာ၊ ရောက်တဲ့နေရာမှာ ရပ်နေမှ၊ ကိုယ်တိုင်လာကြိုမယ်ပေါ့။ မေမေကလဲ သားလာကြိုတာတွေ့လို့ ဆက်လျှောက်လာရင်.. မရဘူး၊ လာကြိုမယ်လို့ အော်ထားတုံးက နေရာပြန်သွား... အဲဒီနေရာမှာဘဲ လာကြိုမယ်၊ ဒါဆို ဒါမှ ဖွတ်... အဲဒီတုံးက မေမေ နလုံးသွေးကြောကျဉ်းတဲ့ ဝေဒနာ ခွဲစိတ်ကုသပြီး ပြန်ကောင်းလာတဲ့အချိန်၊ မေမေ့ပေါင်ပေါ် ခေါင်းတင်းရင်း အဲဒီချုပ်ရိုးကြီးကို ခဏခဏ ကြည့်ဘူးတယ်။ ရင်သားအောက်မှာ တစ်ပေလောက် ကင်းခြေများကြီးတစ်ကောင် ကန့်လန့်ဖြတ်ကပ်နေသလိုကြီး။

တရုတ်ဗမာအရေးအခင်းဖြစ်နေတဲ့အချိန်၊ ဆေးရုံပေါ်မှာချည်း ခြောက်လလောက် ကြာတယ်၊ ဦးလေးက အခါလည် မရှိတရှိ၊ နို့ဘူးတိုက်ပြီး အဘွားနဲ့ ထားခဲ့ရတာ၊ နလုံးခွဲစိတ်မှုက ခေတ်ဦး၊ အဖိတ်အစင် တွေကလဲရှိ၊ ကံကောင်း ထောက်မစွာဘဲ မေမေတစ်ယောက် လူကောင်းလို ပြန်ပြီး လုပ်နိုင်ကိုင်နိုင်လာတယ်။

ဖေဖေက လက်နိပ်စက် စာရေး၊ ခွဲစိတ်ပြီး ကောင်းလာတာနဲ့ မိသားစုဝင်ငွေအတွက် တဘက်တလမ်းက ရှာရတော့တာ၊ (၃၈) လမ်းဈေးက မေမေ့အစ်မကြီးဆိုင်မှာ ပါတိတ် အဆင်ဒီဇိုင်း မျိုးစုံလက်ခံ၊ တောင်ဥက္ကလာ၊ သဃ်န်းကျွန်း၊ တာမွေ ပါတိတ်ခံတွေမှာ ဒီဇိုင်းစုံမယ်၊ နံပါတ်တွေနဲ့ လိုက်အပ်၊ အဲဒီအချိန်က ပေါ်ပလင်၊ အနားပြာပိတ်အဖြူတွေကို ပါတိတ်ဆေးရိုက်ပြီး လုံချီ၊ အင်္ကျီချုပ်ဝတ်ကြတာ၊ ခုခေတ်လို နိုင်ငံခြားကမဝင်ဘူး။ အဲဒီ

အပ်ထည်တွေကို အပေါ်အဝ ရှုံ့ကြိုးတတ်ထားတဲ့ အဝတ်အိတ် အစိမ်းကြီးထဲထည့်၊ ပါတိတ်ရုံတွေမှာ ပိတ်စနဲ့ အပ်ထားတဲ့ ဒီဇိုင်းနံပါတ်တွဲပြီးအပ်၊ ပြီးတာတွေ ပြန်ထည့်၊ အဲဒီအဝတ်ရှုံ့အိတ် အစိမ်းကြီးရွက်ပြီး ညနေစောင်း အိမ်ပြန်လာတဲ့မေမေ့ကို..

"မေမေ… အဲဒီမှာရပ်နေ သားလာခဲ့မယ်" ။ ။

"သား…ရော့.. အောက်ကခေါင်းမှ(ခေါင်းခု) လေးခံပြီးရွက်၊ သွားနှင့် မေမေလိုက်ခဲ့မယ်"
ပုဆိုးဟောင်း တထည်ကို ကရွတ်ခွေပြီး ခေါင်းခုလေးလုပ်ပေးတယ်၊ ပြီးတော့.. ချဉ်ပတ် လုံ ခေါင်းပေါ်တင်၊ ဘောက်ဆတ် ဘောက်ဆတ်နဲ့ မနက်စောစော နန္ဒဝန်ဈေးမှာ ဆိုင်ဖွင့်ဘို့ မေမေကလဲ ဇလုံတလုံးရွက်လို့ နောက်ကလိုက်လာ၊ နှစ်ခေါက်.. သုံးခေါက်၊ ဇလုံတွေ သူ့နေရာနဲ့သူချ၊ ခင်ကျင်းပြီး အိမ်ပြန် ရေမိုးချိုး ပြီးမှ ကျောင်းတက်ရတာ၊ မူလတန်း ကျောင်းက အိမ်နဲ့ဈေးကြား၊ အိမ်နဲ့နှစ်လမ်းဘဲ ခြားတယ်၊ အထက်တန်းကျောင်း ရောက်တော့လဲ လမ်းထိပ်တင်၊ အော်ခေါ်ရင် ကြားရတဲ့နေရာ။

ချဉ်ပတ်က အရင်က အဘွားရောင်းတာ၊ ခြေထောက် သံဆူးလို့ မေမေက ခဏ ဆိုင်ကူထွက်ပေးရင်းနဲ့ ချဉ်ပတ်သည်ဖြစ်ကရော ဆိုပါတော့။ သူငယ်ချင်းတွေက နောက်တယ်… "ချဉ်ပတ်" တဲ့။ ဘာဖြစ်သေးလဲ "ချဉ်ပတ်" ပေါ့။

ဖေဖေကလဲ တောင်ဥက္ကလာအိမ်ကနေ အလုံသစ်လုပ်ငန်းဌာနကို တခါတလေ စက်ဘီးနဲ့ ရုံးတက်တယ်၊ အပြန် စက်ဘီးနဲ့ ဟင်းကလာရွက်တွေ ပုဆိုးနဲ့ထုတ်ပြီး တင်လာတာ ပုဆိုးတထည်ကို အောက်က စုချည်၊ ပြောင်းပြန်လှန် ဟင်းကလာ အချိန်တစ်ဆယ်ထည့်၊ ထိပ်ကနေချည်၊ စက်ဘီးနောက်ခုံပေါ် ကြိုးနဲ့ သေချာတုတ်ပြီး နင်းလာရတာ၊ အဲဒီတုံးက အလုံအမှိုက်ပုံပေါ်မှာ ဟင်းကလာစိုက်ရောင်းတဲ့ သူတွေရှိတယ်၊ မြေသြဇာ ကကောင်းတော့ သန်မှသန် ဟင်းကလာချဉ်ပတ်ကလဲ လူကြိုက်များမှများ ချဉ်ပတ်ကလဲအစုံ ပဲပင်ပေါက်၊ မုန်လာဥသတ်သတ်၊ အပင်နဲ့ဥတွဲလျှက်၊ ငှက်ပျောအူ၊ ငှက်ပျောဖူး၊ ကန်စွန်း၊ ကြောင်လျှာ၊ ဇရစ်၊ မာလာဖူး၊ သရက်ကင်း၊ ကတက်၊ သရက်သီးဆားစိမ်၊ ပိုးတီ.. အို.. စုံတကာကို စေ့လို့။

ပင်ပန်းတာကတော့ တကယ့်ကို ဒါပေမဲ့ မိသားစု လက်ရေတပြင်တည်းလေ။ အဲဒီဘဝလေး ခုပြန်တွေးတာတောင် ပျော်တုန်း။ နောက်တော့.. ချဉ်ပတ်ကနေ မေမေလက်ငုတ် အထည်ဆိုင်ပြန်ဖွင့်တယ်၊ ဒါးစက်လိုက်တယ်၊ ဘီတင်ပန်းလိုက်တယ်၊ မိမ္မဝတ်၊ ခလေးဝတ် လက်ခံတယ်၊ ချုပ်ရောင်းတယ်၊ စက်ချုပ်ဆိုင်တွေက ကိုယ်ပိုင်ဒါးစက်၊ ဘီတင်စက် မထားကြသေးဘူး၊ အငှားလိုက်ရတာ၊ ဖေဖေအလုပ်အားရင် ဆိုင်ဝိုင်းထိုင်တယ်၊ တော်ရုံစက်ပျက်ရင် ဖေဖေဘဲ ပြင်တာ၊ ညီလေးလဲ အရွယ်ရောက်ပြီ။ ကြုံတဲ့သူ ဒါးစက်ဝင်လိုက်၊ ဘီတင်ဝင်လိုက်၊ စက်ချုပ်ပစ္စည်း မျိုးစုံရောင်း၊ မိသားစု စည်းလုံးလုံး၊ တခရီးတည်း ဦးတည်ရာတစ်ခုတည်း၊ မေမေနဲ့အတူ ဆိုင်ဖွင့်၊ မေမေနဲ့အတူ ဆိုင်သိမ်း။

"သားရယ်.. အစစအရာရာ ဂရုစိုက်နော်"
မေမေကတော့ စိတ်ပူတာဘဲ သားအတွက်စိုးရိမ်တာဘဲသိတယ်။ တကယ်လဲ မေမေက ဘာမှ သိပ်နားလည်တာ မဟုတ်၊ သူ့သားလုပ်နေတာတွေကို နားမလည်ရိုးအမှန်၊ အကြောင်း ကိစ္စရှိလို့ စာရွက်ပေါ်လက်မှတ် ထိုးဆိုမှ.. ဝင်းကြည် လို့ တွန့်တွန့် တွန့်တွန့်လောက်ဘဲ ထိုးတက်တဲ့အမေ၊ သူ့သားကို သူယုံတာတစ်ခုဘဲ ရှိတယ်၊ သူ့သားဟာ ငယ်ငယ်ထဲက မဟုတ်တာမလုပ်ဘူး၊ သူ့သားလုပ်တာဆိုရင် ဟုတ်တာဘဲ ဖြစ်ရမယ်၊ မေမေသိတာ ဒါဘဲ၊ ဒါဆိုလုံလောက်ပြီလေ။ စိတ်ထဲက မိခင်တစ်ယောက်ရဲ့မေတ္တာ၊ သည်းသည်းကို လှုပ်လို့၊ တလောကလုံး ကိစ္စထက်၊ သူ့သားကိုချစ်တာက သူ့အရေး၊ သူ့ကိစ္စဘဲလေ။ ဖေဖေကတော့ သိတယ်၊ သူ့သားကို ယုံလဲယုံတယ်၊

ထောက်လဲထောက်ခံတယ်၊ အဲဒီတုန်းက ဖေဖေ သစ်ကမ္ပဏီမှာ လုပ်နေတဲ့ အချိန်၊ ပိန်းပိတ်အောင် မှောင်နေတဲ့ ခေတ်၊ သားတွေအတွက် မျှော်လင်ချက် တံခါးလေးတစ်ချပ် ပွင့်လာနိုး စိတ်ရှည်သည်းခံမှု အပြည့်နဲ့ လုပ်နေတာ၊ အဲဒီတံခါးချပ်လေးအပွင့်..၊ ဖေဖေကုမ္ပဏီရဲ့ အစီအစဉ်နဲ့ ညီလေးက ဟိုး အဝေးမှာ၊ ပြန်လာရင် မိသားစု အနာဂါတ်တွေ တပွေ့တပိုက်နဲ့။

ကျွန်တော့်မှာလဲ မျှော်လင့်ချက်တွေ တလှေကြီး၊ မေမေက သူ့သားအလုပ်ကို ဂဃနဏမသိပေမဲ့ ကြားဘူး နားဝတော့ ရှိတာပေါ့၊ သူလဲသူ့အသက်အရွယ်၊ သူ့ဖြတ်သန်းမှု နည်းမှတ်လို့၊ သူ့တစ်သက်မှာ ဒီအလုပ် သဘာဝမျိုးက သူ့အနီးအပါးက၊ တချို့ခပ်လှမ်းလှမ်းက ဖြတ်သွား တိုးသွားတာတွေ ရှိမှာပေါ့။ ခြေမကိုင်မိ၊ လက်မကိုမိ၊ တဘက်က အတန်းပညာ မရှိပေမဲ့ ဘယ်ဟာက မှားတယ်၊ ဘယ်ဟာက မှန်တယ် ဆိုတာလောက်တော့ အရိုးခံနဲ့ကို သိသပေါ့။

စိုးရိမ်တာ ကတော တစ်ဘက်၊ တားရမှာက အခက်၊ တားဘို့ကလဲ မလွယ်၊ ရင်ကဖြစ်တဲ့သား၊ ဘယ်အရွယ် ရောက်ရောက် ရင်ခွင်ပိုက်ခလေးလိုဘဲ မြင်နေတဲ့သား၊ အဲဒီသားကလဲ ဒါဆို ဒါမှ ဖွတ်.. ပျောက်သွားလိုက်တာ.. ပြောက်ကျားပြောက်ကျား အသံတော့ ကြားနေရသား၊ မိုးသံလေသံ တွေကလဲ ညံလို့။

တော်ပါသေးရဲ့ သားငယ် ပြန်ရောက်လာ ပေလို့ လို့ စိတ်ကိုဖြေ၊ ရှိတာမှ သားနှစ်ယောက်၊ သားအမိသားအဖ လေးယောက်၊ ညီလေးက ငယ်ငယ်ထဲက အိမ်နဲ့ကျောင်း၊ဈေး၊ ဒီလောက်ဘဲ သွားသွားလာလာ ရှိတာ၊ ဆယ်တန်း အောင်တော့ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ ဒါ နယ်ကုန်ဘဲ၊ အမျိုးတွေအိမ်၊ ဖေဖေရုံး၊ ဒါ သူသွားတက်တဲ့ နေရာတွေပေါ့၊ ရပ်ဝေးဘယ်မှ မသွားဖူးဘူး၊ မိသားစု အနာဂါတ်အတွက်၊ ပင်လယ်ရပ်ခြား ခရီးဆိုတာ တကယ့် အိမ်မက်ဘဲ စွန့်စားခန်းဘဲ။ ခုလို ဥဒဟို သွားနေကြတဲ့ခေတ်မှ မဟုတ်တာ၊ ဒီကြားထဲ အလုပ်မှာ လက်ကို မီးဟပ်သွားတယ် ကြားတော့၊ မေမေ မသိအောင်ဖုံးဖိပြီး သားအဖနှစ်ယောက် တိတ်တိတ်လေး စိတ်ပူခဲ့ကြရတာ၊ ညီလေးအနေနဲ့ တစိမ်းသက်သက် ပတ်ဝန်းကျင်သစ် အတွေ့အကြုံသစ်မှာ ဘယ်လောက် ရုန်းကန်ခဲ့ရမယ် ဆိုတာ တွေးကြည့် ယုံနဲ့ သိလောက်ပါတယ်၊ ခုလဲ ဆက်နေရင် အခွင့်အလမ်းတွေ အများကြီးရှိရဲ့နဲ့ မိသားစု အခြေအနေကြားလို့ ပြန်လာတာ၊ အဓိက ကျွန်တော့်ကြောင့်ပါဘဲ ဒါတောင်...

ညီလေး ရှာလာသလောက်ကလဲ မိသားစုကို တစ်ဆစ်ချိုး ပြောင်းစေလောက်တဲ့ ပမာဏပါ၊ တော်တော့ကို ခြိုးခြံစုခဲ့တာကိုး၊ တစ်လှေထဲစီး၊ တစ်ခရီးထဲလျှော်ခဲ့၊ ခတ်ခဲရတာတွေ။ ကမ်းခြေဖွေးဖွေး၊ လနအေးလေးတော့ ကြုံရချေသေးရဲ့လို့ တွေးရင်း၊ သားကြီးကို မျှော်နေမှာတော့ အသေအချာပါ၊ သားငယ် ရောက်လာလို့ သားကြီးကို အစားထိုးတယ်ဆိုပေမဲ့၊ မတူပါဘူး၊ သားငယ်ကိုချစ်တာက ချစ်တာ၊ သားကြီးကိုချစ်တာက ချစ်တာဘဲလေ၊ တူမှ မတူတာ၊ ပိုလို့တောင် သတိရသေး၊ မျှော်သေး၊ တစ်လျှောက်လုံး ပင်ပမ်းကြီးစွာ ရုန်းခဲ့ကြရတာမလား၊ မေမေ အမျှော်ကြီး မျှော်နေတုန်း ညီလေးပြန်ရောက်တာကြားလို့....

"ပြန်း" ဆို အိမ်ပြန်ရောက်လာတော့၊ မေမေလေ အံ့လဲသြ၊ ဝမ်းလဲသာ၊ တုန်လို့၊ ဆို့နင့်လို့...ခဏတဖြုတ် မေမေနဲ့ အတူနေ၊ စားသောက် မေမေကလဲ မျက်စိအောက်က ပျောက်သွားမှာ စိုးနေတဲ့အချိန်၊ ဘာတက်နိုင်မှာလဲ မေမေရယ်၊ ခွဲခဲ့ရဦးတော့မယ်၊ ချန်ထားခဲ့ရဦးမယ်။ ခလေးဘဝထဲက ကျောင်းပြီးရင် ကျောင်းတက်၊ မိဘကူ၊ လုပ်လာလိုက်တာ၊ မိသားစုစိုက်ခဲ့သမျှ ရိတ်သိမ်းရတော့မယ် အချိန်၊ ကြီးဒေါ်နွားက ကျောင်းမှဖြစ်မှာမို့ တား မရမယ့် သားကို..

"ခွင့်လွှတ်ပါ မေမေရယ် အေးအေးဆေးဆေး တစ်နေ့ မကြာတော့ပါဘူး"..ရယ်လို့..
လေးတွဲတွဲ့ခြေလှမ်းတွေနဲ့.......ဝေး၍...ဝေး၍..... ဝေးရာ....ဝေးရာ......။

"ဪ.. မေမေရယ် ခုချိန်ထိ သားကို စောင့်နေတုန်းပါလား"... တွေးရင်းအောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်မိတယ်။

"ကိုကိုလာမှ မေမေကို ထုတ်မယ်ဆိုပြီးဆောင့်နေတာ ရောက်မှလာပါမလားလို့ စိတ်ပူရင်းနဲ့ဘဲ စောင့်နေတာ" လို့တည်တည်ငြိမ်ငြိမ်ဟန်နဲ့ နှုတ်ဆက်နေတဲ့ ညီလေးကို ငေးကြည့်နေရင်း...အိမ်မှာအငယ်ဆုံး၊ ခလေးလိုဘဲ ထင်ပြီးဆူလိုက် ငေါက်လိုက် လုပ်ခဲ့တာတွေဆီ ပြန်ရောက်သွားတယ် လွန်ခဲ့တဲ့ နှစ်နှစ် ဖေဖေ့ရျာပန၊ အခု ဒီညီလေး တစ်ယောက်ထဲ မေမေ့ရျာပနကို ဦးစီးနေတာ..တကယ်လူကြီးတစ်ယောက်လို။

ဖေဖေရယ်၊ မေမေရယ် မရှိတော့တဲ့နောက် နှစ်ကောင်ကွဲ၊ တစ်ယောက် တစ်နေရာစီ တစ်ဘဝစီ၊ တစ်ကောင်ကွဲစီ၊ တစ်ကောင်ကွဲညီလေးက အိမ်ရှင်၊ တစ်ကောင်ကွဲအစ်ကိုက ဧည့်သည်၊ ဧည့်သည်မှ "ဘွား" ကနဲ ကိုယ်ထင်ပြလာတဲ့ ဧည့်သည်။

အတွေးတွေ လက်စပ်ရင်း အအေးတိုက်ထဲကနေ၊ မေမေ့ကို ထုတ်၊ အလောင်းစင်မှာပြင် မေမေ့ မျက်နှာကို တစိမ့်စိမ့်ကြည့်နေမိတယ်၊ နှလုံးရောဂါသည်မေမေ...ခွဲစိတ်ပြီး ပြန်ကောင်းလာတယ် ဆိုပေမဲ့ စိတ်ပူစရာရှိရင် သူများ တကာထက် ပူတက်တဲ့မေမေ.. သားအတွက် စိုးရိမ်စိတ်တွေ တထိတ်ထိတ်နဲ့ မျှော်နေရှာမယ့်မေမေ၊ မျှော်ဦး .. မျှော်ရိပ်တွေ.. ခုထိ ထင်းနေတုန်း၊ မေမေ့နောက်ဆုံး ခံစားချက်၊ နောက်ဆုံး အတွေးတွေကို အေးခဲပြီး သိမ်းထားတာ ထင်ရဲ့၊ ကျွန်တော့်ကို ဖက်ပြီးရှိုက်ကြီးတငင် ငိုကြွေးနေတဲ့ ဝမ်းကွဲ အစ်မတွေ၊ ညီမတွေ၊ ခပ်လှမ်းလှမ်း ကနေ အသံတိတ်စိတ် ထိခိုက်နေကြ၊ ကရုဏာ သက်နေကြသူ တစ်ချို့၊ ကျွန်တော် ငိုရမလား၊ ငိုနေသလား၊ တစ်ခုခု စဉ်းစားနေတာလား၊ မျက်ရည်မကျဘူး၊ တည်ငြိမ်ရင့်ကျက် နေတာလား၊ တရားသံဝေဂ ယူနေတာလား၊ မဟုတ်ဘူး. မဟုတ်ဘူး..ဘာမှမဟုတ်ဘူး..

ငိုလို့မရတာ၊ ငိုရမယ်ဆိုတာ မေ့နေတာ၊ ဝိဉာဉ်မဲ့နေတာ၊ ..ရုပ်နဲ့နာမ်မကပ်တာ..ဗျ.

စိတ်ထဲမှာ ကြိတ်ပြီးအသံတိတ် ပူဆွေးနေတာ..............သောက

ရှိုက်ကြီးတငင် ငိုကြွေးဟစ်အော် ပူဆွေးနေတာ..........ပရိဒေဝ၊

ငိုလို့ မရတော့လောက်အောင် လောင်ကျွမ်းပြီး မှင်သက်ကြောင်တက်နေတာ၊ ဥပါယာသ..တဲ့။

လက်မောင်းကိုလာကိုင်ပြီး ..

"ကိုကို..ကန်တော့ကြရအောင်" လို့ ညီလေးကပြောမှာ ညီအစ်ကို နှစ်ယောက် လက်အုပ်ချီပြီး မေမေ့ အလောင်းကို ကန်တော့..



"ခွင့်လွှတ်ပါ..မေမေရယ်..သားကို ခွင့်လွှတ်ပါ"

အားပေးနှစ်သိမ့် နှုတ်ဆက်သူတစ်ချို့ကို အသိအမှတ်ပြုရုံ ပြန်ပြီးပြုရမယ် ဆိုတဲ့ ဗီဇအသိနဲ့ အသိမဲ့ တုံ့ပြန် နေတုန်း..

"ပြန်ကြရအောင်" လို့ လက်မောင်းကို ကိုင်ထားရင်း သတိပေးတဲ့ အသံတစ်သံ။ ဟုတ်တယ်၊ ပြန်ရဦးမယ်လေ၊ သူတို့ သဘော၊ ကိုယ်က ဆောင်နေရတာကိုး၊ တော်ကြာဆို၊ မီးသဂြိုလ်တဲ့ အခန်းထဲ မေမေ့ကို ထည့်ကြတော့မယ်။

ချစ်သူ၊ ခင်သူတွေနဲ့ ဘဝခြား သွားတော့မယ့်အသံ၊ "ဂျိုင်း" ကနဲ ဆိုတဲ့ အသံ။ မကြားရက်တော့၊ မကြားဝံ့တော့၊ မကြားလိုတော့၊ ဒီနေရာကို မလာခင်၊ ဒီနေရာကိုမရောက်ခင်၊ မေမေဟာ မေမေ့မိသားစု၊ မေမေ့ပတ်ဝန်းကျင်လေးကို

စွမ်းနိုင်သမျှအကျိုးပြုခဲ့ပြီဘဲ၊...ပိုအရေးကြီးတာကမေမေဟာ..ရှင်သန်နေတဲ့ အခိုက်၊ ဘယ်သူ့ကိုမှမျက်ရည်ကြီးငယ်မကျစေခဲ့ဘူးလေ၊ ...ဒါပါဘဲ။

သားလဲ စွတ်စိုနေတဲ့ မျက်ရည်တွေကို သုတ်ပေးဘို့၊ မျက်ဝန်းတွေကို လင်းလက်စေဘို့၊ ကိုယ့်ကိုယ်ကို လောင်ကျွမ်းခံနေ ကြတာပါ။

မေမေ.. မေမေရယ်.. ဘဝတစ်လျှောက်လုံး တောက်တက်ဖားလျား ရုန်းကန် ကျွေးမွေးခဲ့တဲ့ မေမေ... ခုတော့..တစ်ဘဝ အမောတွေ ရပ်သွားပြီပေါ့၊ ဒီခရီးဟာ အားလုံး သွားရမယ့်ခရီး၊ ဒီနေရာဟာ သားလဲ လာရမယ့် နေရာ..

"မေမေ.အဲဒီမှာရပ်နေ၊ သားလာခဲ့မယ်" ..လို့
အော်ရင်း...တောက်တောက် တောက်တောက်နဲ့ ပြေးကြိုခဲ့တဲ့သား၊ ပျော်ပျော်ပါးပါး အတူ သွားနေကြရာက ခွဲထွက် သွားတဲ့ သား။

ခု.. မေမေ ရပ်သွားပြီလေ။ မေမေ ရပ်နေပြီ။

"သား..သွားနင့် မေမေလိုက်ခဲ့မယ်"....ဆိုတဲ့မေမေရေ...
"သွားနင့်တော့ ...သွားနင့်လေဦးတော့..မေမေရေ....
သား လိုက် လာ ခဲ့ မှာ ပါ"

ကိုကိုကြီး